# Terms and Conditions

At Prudential Myanmar Life Insurance, we DO Care. We recognize the immense impact that the COVID-19 pandemic is having on the lives of people in Myanmar. Its devastating impact is not only on the body of the patient but extends to their finances and even mental health. To help our clients, we will provide the ICU Benefit and Death Benefit outlined in this document which forms this Free COVID-19 Policy.

## Benefit Provisions

1. If the Life Insured is diagnosed with COVID-19 from the Commencement Date to the Termination Date inclusive and is admitted to an ICU as a Medical Necessity as a direct result of that COVID-19 diagnosis, we will pay the ICU Benefit of the minimum of:
   a. 100% of the Existing Sum Insured as at the date of diagnosis; or
   b. 10,000,000 MMK
2. If the Life Insured dies from the Commencement Date to the Termination Date inclusive and death is diagnostically confirmed to have been the direct result of COVID-19, We will pay the Death Benefit of the minimum of:
   a. 100% of the Existing Sum Insured as at the date of diagnosis; or
   b. 15,000,000 MMK

   less any prior ICU Benefit payments.
3. The ICU Benefit and Death Benefit can only be paid once per Life Insured.
4. If the Life Insured is covered under multiple Free COVID19 policies, only one ICU Benefit and/or Death Benefit will be payable, with the amount(s) payable being based on the highest Existing Sum Insured.
5. Applications for the ICU Benefit or Death Benefit must be submitted to Us within four months of the COVID-19 diagnosis.
6. The ICU Benefit and/or Death Benefit will be paid to the Existing Beneficiary.

## Important Terms

1. "We" and "Us" refers to Prudential Myanmar Life Insurance.
2. "Commencement Date" refers to 1 January 2023.
3. "Existing Policy" refers to a PRUTerm (Individual), PRUHealth (individual), PRUScholar and PRUSaver policy issued by Us in 2022 or earlier and is inforce on the Commencement Date.
4. "Existing Policyowner" or "You" refers to the policyowner of the Existing Policy.
5. "Life Insured" refers to the Life Insured of the Existing Policy.
6. "Existing Beneficiary" refers to the beneficiary(ies) of the Existing Policy.
7. "Existing Sum Insured" refers to the amount payable upon the death of the Life Insured from the Existing Policy.
8. "Termination Date" refers to:
   a. Midnight on 31 December 2023; or
   b. The day that the Existing Policy terminates; or
   c. The day that the Death Benefit becomes payable under this Policy;
   d. The day the Life Insured dies; or
   e. The day that You inform Us in writing to cancel this Policy,

   whichever comes first. We reserve the right to replace "Midnight on 31 December 2023" above with "Midnight of the anniversary of the commencement of the Existing Policy falling within 2024". We will confirm in writing if we exercise this right.
9. "COVID-19" refers to confirmed Novel Coronavirus cases as defined by the World Health Organisation. The diagnosis must be supported by a laboratory test report from a government recognized hospital. Clinical diagnosis alone does not meet this requirement.

10. "Hospital" means a legally constituted establishment operated according to the laws of the country in which it is based and which:
    a. provides care and treatment to sick and injured persons on a resident in-patient basis; and
    b. has facilities for carrying out major surgery; and
    c. provides full time nursing service; and
    d. has a Registered Doctor in attendance 24 hours a day; and
    e. is not primarily a clinic, or a place for the aged, disabled, persons with mental disorders, alcoholics or drug addicts, or a nursing, rest or convalescent home or rehabilitation hospital/center.
    f. should be government hospital operating under MOH or COVID treatment center or private hospital with official hospital license from MOH.
11. "Intensive Care Unit" or "ICU" means part or unit of a Hospital established for and devoted to providing a formal intensive care programme, which is:
    a. equipped with central monitoring station and providing one to one nursing care, in which patients undergo specialized resuscitation, monitoring and treatment procedures; and
    b. staffed 24 hours a day with highly trained nurses, technicians and doctors, and be equipped with resuscitative equipment and monitoring devices that allow continuous monitoring/assessment of vital body functions such as heart rate, blood pressure and blood chemistry.
    c. ICU is necessary to locate in tertiary center.
12. "Medical Necessity" means medical treatment and / or service that is:
    a. consistent with the diagnosis and customary medical treatment for the condition; and
    b. in accordance with standards of generally accepted medical practice; and
    c. not just for the convenience of the Life Insured and his or her relative, the Hospital or the Life Insured's attending doctors and/or physician.
13. "Suspect Symptoms" refers to either of the following:
    a. Acute onset of fever AND cough; or
    b. Acute onset of three or more of the symptoms: fever, cough, general weakness, fatigue, headache, myalgia, sore throat, coryza, dyspnea, anorexia / nausea / vomiting / diarrhea, or altered mental status.
14. "Probable Diagnosis" refers to any of the following:
    a. Anosmia (loss of smell) or ageusia (loss of taste); or
    b. Chest radiography results showing hazy opacities, often rounded in morphology with peripheral and lower lung distribution; or
    c. Chest computed tomography results showing multiple bilateral ground glass opacities, often rounded in morphology, with peripheral and lower lung distribution; or
    d. Lung ultrasound results showing thickened pleural lines, B lines (multifocal, discrete, or confluent), consolidative patters with or without air bronchogram.
15. "Confirmed Diagnosis" refers to the laboratory confirmation of COVID-19 infection with or without any COVID-19 clinical signs and symptoms.

## Other Provisions

1. This Policy is provided free of charge, and provides no cash value.
2. This Policy is null and void if the Life Insured has Suspected Symptoms, Probable Diagnosis and/or Confirmed Diagnosis during the first 14 days after the Commencement Date.
3. This policy shall be governed by and construed in accordance with the laws of the Republic of the Union of Myanmar. You and We agree to be subject to the exclusive jurisdiction of the Republic of the Union of Myanmar courts.
4. This Policy shall be executed in English and Myanmar language versions. However, in the event of any inconsistency, the Myanmar language version shall prevail.

5. Please refer to www.prudential.com.mm for the latest updates and to access our privacy policy.

# စည်းမျဉ်းစည်းကမ်းချက်များ

ပရူဒန်ရှယ်မြန်မာသည် "We Do Care" ဆိုသော ဆောင်ပုဒ်နှင့်အညီ အထူးဂရုပြုအလေးထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည့်အလျောက် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID-19 သည် မြန်မာပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အပေါ် ကြီးမားသော အကျိုးသက်ရောက်မှု ဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့အနေဖြင့် နားလည်သိရှိပါသည်။ ၎င်း၏ဆိုးရွားသော သက်ရောက်မှုသည် လူနာတစ်ဦး၏ ကိုယ်ခန္ဓာ ကျန်းမာရေးကိုသာမက ငွေကြေးနှင့် စိတ်ကျန်းမာရေးကိုပါ ထိခိုက်စေပါသည်။ ထိုသို့ဖြစ်ပေါ်ခံစားခဲ့ရသည့် ကျွန်ုပ်တို့၏ အသက်အာမခံ ဝယ်ယူသူများအား အကူအညီပေးရန်အတွက် COVID-19 ကြောင့် ICU သို့တက်ရောက်ကုသရခြင်း အကျိုးခံစားခွင့်နှင့် သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်များကို ယခုဖော်ပြပါပေါ်လစီတွင်ပေါ်ရှိသော အချက်အလက်များနှင့်အညီ အခမဲ့ COVID-19 အကာအကွယ်အဖြစ် ဆက်လက်ပေးအပ်သွားပါမည်။

## အကျိုးခံစားခွင့်အတွက် အချက်အလက်များ

၁။ အကယ်၍ အသက်အာမခံထားရှိသူသည် အာမခံအကာအကွယ် စတင်တည်မြဲသည့်နေ့ နှင့် သက်တမ်းကုန်ဆုံးသည့် နေ့ ကာလကြား COVID-19 ကူးစက်ခံထားရကြောင်း ရောဂါလက္ခဏာ တွေ့ရှိပြီး ဆေးပညာလိုအပ်ချက်အရ ICU သို့ တက်ရောက်ကုသရန် လိုအပ်ကြောင်း ဆေးမှတ်တမ်း အထောက်အထားများ နှင့် တက်ရောက်ကုသခြင်းခံရပါက ကျွန်ုပ်တို့က ICU အကျိုးခံစားခွင့်ကို အနည်းဆုံးအနေဖြင့်

- က) ရောဂါလက္ခဏာခံစားနေရစဥ်အတွင်းအကျုံးဝင်သော တည်ဆဲအာမခံထားငွေ၏ ၁၀၀% ကို သော်လည်းကောင်း၊
- ခ) ၁၀,၀၀၀,၀၀၀ ကျပ်။

၂။ အကယ်၍ အသက်အာမခံ ထားရှိသူသည် အာမခံ အကာအကွယ် စတင် တည်မြဲသည့်နေ့ နှင့် အကာအကွယ် သက်တမ်းကုန်ဆုံးသည့် နေ့ ကာလကြား COVID-19 ကူးစက်ခံရခြင်းပြီး COVID-19 ကြောင့် အသက်သေဆုံးခြင်းဖြစ်ကြောင်း ဆေးမှတ်တမ်းရလဒ်များ၊ အထောက်အထားများ တွေ့ရှိခဲ့ပါက ကျွန်ုပ်တို့က အသက်သေဆုံးခြင်းအတွက် အကျိုခံစားခွင့်ကို အနည်းဆုံးအနေဖြင့်

- က) ရောဂါလက္ခဏာခံစားနေရစဥ်အတွင်းအကျုံးဝင်သော တည်ဆဲအာမခံထားငွေ၏ ၁၀၀% ကို သော်လည်းကောင်း၊
- ခ) ၁၅,၀၀၀,၀၀၀ ကျပ်။

ယခင်ပေးချေခဲ့ဖူးသော ICU အကျိုးခံစားခွင့်ကို ခုနှိမ်၍ ပေးချေနိုင်မည်။

၃။ အသက်အာမခံထားသူတစ်ဦးလျှင် ICU အကျိုးခံစားခွင့်နှင့် အသက်သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်ကို တစ်ကြိမ်သာ တောင်းခံနိုင်မည်ဖြစ်ပါသည်။

၄။ အကယ်၍ အသက်အာမခံထားသူ၏ လက်ဝယ်တွင် အခမဲ့ COVID-19 အကာအကွယ် ပေါ်လစီများ တစ်ခုထက် မကရှိနေပါက ICU အကျိုးခံစားခွင့် နှင့်/သို့မဟုတ် အသက်သေဆုံးခြင်းအတွက် အကာအကွယ်ကို တစ်ကြိမ်သာလျှင်ပေးမည်ဖြစ်ပြီး စုစုပေါင်းပေးချေနိုင်မည့်ပမာဏကို အမြင့်ဆုံး တည်ဆဲ အာမခံထားငွေ ပမာဏအပေါ်တွင်သာ မူတည်၍ ပေးမည်ဖြစ်ပါသည်။

၅။ ICU အကျိုးခံစားခွင့် သို့မဟုတ် အသက်သေဆုံးခြင်းအတွက် အကျိုးခံစားခွင့် တောင်းဆိုလွှာကို ကျွန်ုပ်တို့ထံ COVID-19 ရောဂါလက္ခဏာအတည်ပြုခြင်းခံရပြီး (၄) လ အတွင်း ပေးပို့ရမည်။

၆ ICU အကျိုးခံစားခွင့် နှင့်/သို့မဟုတ် အသက်သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်များကို လက်ရှိ အကျိုးခံစားခွင့်ရှိသူ ထံသို့ ပေးအပ်ပါမည်။

<u>အရေးပါသော အချက်အလက်များ</u>

၁။ **"ကျွန်ုပ်" နှင့် "ကျွန်ုပ်တို့"** ဆိုသည်မှာ ပရူဒန်ရှယ် မြန်မာ အသက်အာမခံကို ဆိုလိုသည်။

၂။ **"အကာအကွယ်စတင် တည်မြဲသည့်နေ့"** ဆိုသည်မှာ ၂၀၂၃ ဇန်နဝါရီလ ၁ ရက်နေ့ သို့မဟုတ် ပရီမီယံသက်တမ်းတိုးခြင်းအတွက် ပေးချေမှုကို ဆိုလိုသည်။

၃။ **"လက်ရှိပေါ်လစီ"** ဆိုသည်မှာ ကျွန်ုပ်တို့ထံမှ ၂၀၂၂ ခုနှစ်တွင် ပေါ်လစီထုတ်ပေးထားသော သို့မဟုတ် မတိုင်မီ ထုတ်ပေးထားသော ပေါ်လစီများနှင့် အာမခံအကာအကွယ် စတင်တည်မြဲနေ့မှ လက်ရှိ သက်တမ်းရှိနေသော PRUTerm, PRUGroup Life, PRUHealth, PRUScholar နှင့် PRUSaver ပေါ်လစီများကို ဆိုလိုသည်။

၄။ **"လက်ရှိပေါ်လစီ ကိုင်ဆောင်သူ"** သို့မဟုတ် **"သင်"** ဆိုသည်မှာ လက်ရှိတွင် သက်တမ်းရှိပေါ်လစီကို ကိုင်ဆောင်ထားသူ ဟုဆိုလိုသည်။

၅။ **"အသက်အာမခံထားသူ"** ဆိုသည်မှာ လက်ရှိပေါ်လစီပေါ်တွင် ဖော်ပြခြင်းခံထားရသော အသက်အာမခံထားသူကို ဆိုလိုသည်။

၆။ **"လက်ရှိ အကျိုးခံစားခွင့်ရှိသူ"** ဆိုသည်မှာ သက်တမ်းရှိနေသော ပေါ်လစီပေါ်တွင် အကျိုးခံစားခွင့်ရှိသူ ဟုဖော်ပြထားခြင်း ခံရသူကို ဆိုလိုသည်။

၇။ **"တည်ဆဲ အာမခံထားငွေ"** ဆိုသည်မှာ လက်ရှိ သက်တမ်းရှိ ပေါ်လစီပေါ်တွင် ဖော်ပြထားသော အသက်အာမခံထားသူ သေဆုံးခဲ့ပါက ပေးအပ်မည့် စုစုပေါင်း ငွေပမာဏကို ဆိုလိုသည်။

၈။ **"အကာအကွယ် သက်တမ်းကုန်ဆုံးသည့်နေ့"** ဆိုသည်မှာ

- က) ၃၁ ရက် ဒီဇင်ဘာလ ၂၀၂၃ ညသန်းခေါင်ယံ သို့မဟုတ်
- ခ) သက်တမ်းရှိ ပေါ်လစီကို ရပ်ဆိုင်းလိုက်သည့်နေ့ သို့မဟုတ်
- ဂ) ယခုပေါ်လစီတွင် ပါရှိသော အသက်သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်ကို ပေးနိုင်သည့်နေ့
- ဃ) အသက်အာမခံထားသူ သေဆုံးသည့်နေ့ သို့မဟုတ်
- င) ကျွန်ုပ်တို့ထံသို့ လက်ရေးလိပ်မူဖြင့် ပေါ်လစီ ရပ်တန့်လိုကြောင်း အကြောင်းကြားသည့်စာ ပေးပို့သည့်နေ့

ယင်းတို့နက်စောရာ။ ကျွန်ုပ်တို့အနေဖြင့် အထက်ဖော်ပြပါ "၃၁ ရက် ဒီဇင်ဘာလ ၂၀၂၃ ညသန်းခေါင်ယံ" ကို "၂၀၂၄ အတွက်ကျရောက်နိုင်မည့် လက်ရှိ ပေါ်လစီများ၏ ပေါ်လစီ နှစ်ပတ်လည် ရက်အထိ" ဟု အချိန်မရွေး ပြောင်းလဲပိုင်ခွင့်ရှိသည်။ ပြောင်းလဲခြင်း လုပ်ပိုင်ခွင့် ရှိသည့်အလျောက် ကျွန်ုပ်တို့ဘက်မှ မှန်ကန်ကြောင်း အတည်ပြုစာကို ထုတ်ပြန်ပေးမည်ဖြစ်သည်။

၉။ "COVID-19" ဆိုသည်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ထုတ်ပြန်ကြေငြာထားသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Novel Coronavirus) ကို ဆိုလိုခြင်းဖြစ်ပါသည်။ ရောဂါလက္ခဏာများကို အစိုးရအဖွဲ့အစည်းမှ အသိအမှတ်ပြုထားသော ဆေးရုံများမှ ဓါတ်ခွဲအတည်ပြုထားသော ဆေးစစ်ချက်မှတ်တမ်းဖြစ်ရပါမည်။ တရားဝင် ခွင့်ပြုချက်မရရှိထားသော ဆေးခန်းများမှ ရောဂါလက္ခဏာ စမ်းသပ်စစ်ဆေးချက်များသည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါ။

၁၀။ **"ဆေးရုံဆိုသည်မှာ"** နိုင်ငံ၏ဥပဒေနှင့်အညီ တရားဝင် သတ်မှတ်ထားသော အဆောက်အအုံဖြစ်ပြီး အောက်ပါအချက်များကို အခြေခံထားပါသည်။

- က) နေမကောင်းခြင်း နှင့် ဒဏ်ရာရရှိခြင်းရှိသော သူများကို အတွင်းလူနာအဖြစ် ဆေးကုသမှုနှင့် ပြုစုစောင့်ရှောက်မှုပေးခြင်း။
- ခ) အကြီးစား ခွဲစိတ်ကုသမှုများကို ပြုလုပ်ဆောင်ရွက်ရန် ပစ္စည်းကိရိယာ အပြည့်အစုံရှိခြင်း။
- ဂ) အချိန်ပြည့် ပြုစုစောင့်ရှောက်မှုပေးနိုင်ခြင်း။
- ဃ) တရားဝင် အသိအမှတ်ပြု လက်မှတ်ရ ဆရာဝန်မှ (၂၄) နာရီ အချိန်ပြည့်ရှိခြင်း။
- င) သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ စိတ်ရောဂါဝေဒနာရှင်များ၊ အရက်နှင့် ဆေးစွဲသူများ အတွက် နေရာ သို့မဟုတ် ပြန်လည်ထူထောင်ရေး စင်တာ မဟုတ်ခြင်း။
- စ) နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင် အစိုးရ ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပေးထားခြင်း သို့မဟုတ် ကိုဗစ်ကုသရေး စင်တာ သို့မဟုတ် ဝန်ကြီးဌာန၏ လိုင်စင်ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိက ဆေးရုံအဖြစ် ဖွင့်လှစ်ထားခြင်း။

၁၁။ **"အထူးကြပ်မတ်ကုသဆောင်"** ဆိုသည်မှာ အထူးကြပ်မတ် ကုသမှုပေးသော ဆေးရုံအတွင်းရှိ အဆောင်ဖြစ်ပါသည်။

(က) လူနာတစ်ဦးချင်းဆီကို အရေးပေါ် အသက်ကယ် စောင့်ကြပ်ကြည့်ရှုခြင်း နှင့် ဆေးကုသခြင်းများကို ဗဟိုထိန်းချုပ် စောင့်ကြပ် ကြည့်ရှုသော ဌာနအဖြစ် ပြင်ဆင်ထားရှိခြင်း။

(ခ) အဆင့်မြင့် လေ့ကျင့်သင်ကြားထားသော ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ပညာရှင်များ ၂၄ နာရီ အချိန်ပြည့်ထားရှိခြင်း၊ နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်၊ သွေးတွင်း ဓာတုအဖြေများ အစရှိသည့် ခန္ဓာကိုယ်အတွက် အရေးပါသော ဆောင်ရွက်ချက်များကို အဆက်မပြတ်စောင့်ကြည့်ရန် အသက်ကယ် ကိရိယာများနှင့် စောင့်ကြည့်သော ကိရိယာများ တပ်ဆင်ထားခြင်း။

(ဂ) အထူးကြပ်မတ်ကုသဆောင်သည် အထူးကုဆေးရုံကြီး သို့မဟုတ် အထွေထွေရောဂါကု ဆေးရုံကြီးတွင် တည်ရှိရမည်။

၁၂။ **"ဆေးပညာအရ လိုအပ်ခြင်း"** ဆိုသည်မှာ ဆေးကုသခြင်း သို့မဟုတ်/ နှင့် ဝန်ဆောင်မှုဖြစ်ပြီး

(က) ရောဂါအဖြေရှာခြင်းနှင့် ရောဂါတစ်ခုချင်းအလိုက် အသေးစိတ်ကုသခြင်းကို အချိန်နှင့် တပြေးညီရှိခြင်း

(ခ) ယေဘုယျအားဖြင့် လက်ခံထားသော ဆေးပညာ စံချိန်များနှင့်အညီဖြစ်ခြင်း။

(ဂ) အသက်အာမခံထားသူနှင့် သူ၏ ဆွေမျိုးများသာမက အသက်အာမခံထားသူ၏ ဆေးရုံနှင့် ဆရာဝန် / သမားတော်များ အတွက်ပါ သက်တောင့်သက်သာဖြစ်စေခြင်း။

၁၃။ **"သံသယရှိ လက္ခဏာ"** ဆိုသည်မှာ အောက်ပါအချက်များကို ရည်ညွှန်းပါသည်။

(က) ရုတ်တရက် ဖျားနာခြင်း နှင့် ချောင်းဆိုးခြင်း။ သို့မဟုတ်

(ခ) ရုတ်တရက် အောက်ပါ လက္ခဏာများမှ ၃ ခု သို့မဟုတ် ၃ ခု အထက်ရှိခြင်း - ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ တစ်ကိုယ်လုံး အားနည်းခြင်း၊ နုံးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်း၊ လည်ချောင်းနာခြင်း၊ နှာစီးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း သို့မဟုတ် စိတ်အခြေအနေ ပြောင်းလဲခြင်း။

၁၄။ **"ဖြစ်နိုင်ခြေရှိသော ရောဂါအမည်"** ဆိုသည်မှာ အောက်ပါများမှ တစ်ခုခုရှိခြင်းကို ဆိုလိုသည်။

(က) အနံ့ပျောက်ခြင်း သို့မဟုတ် အရသာပျောက်ခြင်း။ သို့မဟုတ်

(ခ) ရင်ဘတ်ဓာတ်မှတ် - အုံ့ဆိုင်းနေသော အလင်းပိတ်များရှိခြင်း (တစ်ခါတစ်ရံ အဆုတ်၏ ဘေးဖက်နှင့် အောက်ခြေတွင် အဝိုင်းပုံရှိခြင်း)။

(ဂ) ရင်ဘတ် CT - နှစ်ဖက်လုံးတွင် များပြားသော ကြိတ်မှန်ကဲ့သို့ အလင်းပိတ်များရှိခြင်း (တစ်ခါတစ်ရံ အဆုတ်၏ ဘေးဖက်နှင့် အောက်ခြေတွင် အဝိုင်းပုံရှိခြင်း)။

(ဃ) အဆုတ်အာလ်ထရာဆောင်း - အဆုတ်အမှေးပါးလိုင်းများ ထူခြင်း၊ ဘီလိုင်းရှိခြင်း (အနှံ့အပြား သို့မဟုတ် တစ်ခုချင်း သို့မဟုတ် အစုအပြုံလိုက်)၊ လေပြွန်တွင် မှောင်ရိပ်များရှိသည် ဖြစ်စေ မရှိသည် ဖြစ်စေ အဆုတ်ခဲနေသော ပုံရှိခြင်း။

၁၅။ **"ရောဂါလက္ခဏာကို အတည်ပြုခြင်း"** ဆိုသည်မှာ Covid-19 ၏ ရောဂါ လက္ခဏာများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဓာတ်ခွဲစစ်ဆေးပြီး အတည်ပြုထားခြင်းကို ဆိုလိုသည်။

## <u>အခြား အရေးကြီးအချက်အလက်များ</u>

၁။ ဤ ပေါ်လစီသည် အခမဲ့ ပေးထားခြင်းဖြစ်ပြီး ငွေကြေးတန်ဖိုးအားဖြင့် ပေးအပ်ထားခြင်းမရှိပါ။

၂။ အကယ်၍ အသက်အာမခံထားသူသည် အာမခံအကာအကွယ်တည်မြဲသည့် နေ့မှစတင်၍ ၁၄ရက်အတွင်း ရောဂါကူးစက်ခံရကြောင်း သံသယရှိခြင်း၊ ရောဂါလက္ခဏာ ပြနေခြင်း နှင့်/သို့ ရောဂါကူးစက်ခံရကြောင်း ဆေးစစ်ချက် ရလာဒ်များအရ အတည်ပြုခြင်း ခံရပါက ဤပေါ်လစီသည် အကျုံးမဝင်ပါ။

၃။ ဤပေါ်လစီကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တရားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပါသည်။ အာမခံကုမ္ပဏီ နှင့် အာမခံထားသူ နှစ်ဦးနှစ်ဖက်လုံးသည် အငြင်းပွားစရာ တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တရားခွင်၏ အတည်ပြု ဆုံးဖြတ်ချက်ကိုသာ လက်ခံပါမည်ဟု ကတိကဝတ်ပြုပါသည်။

၄။ ဤပေါ်လစီကို အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ပြုလုပ်ချုပ်ဆိုမည်ဖြစ်သည်။ သို့သော် ယင်းတို့အကြား ကွဲလွဲမှုတစ်ခုခုပေါ်ပေါက်ပါက မြန်မာဘာသာမှ လွှမ်းမိုးမှုရှိမည်ဖြစ်သည်။

၅။ နောက်ဆုံး သတင်းအချက်အလက်များနှင့် ကျွန်ုပ်တို့၏ ကိုယ်ရေးသတင်းအချက်အလက် များကို သိရှိရန်အတွက် www.prudential.com.mm တွင် ဝင်ရောက် လေ့လာနိုင်ပါသည်။